

ကျော်ဝင်း

# ထောင်စုသစ် အိုင်ဒီယာများ

# IDEAS

FOR THE NEW MILLENNIUM

# စာရေးသူ၏ အမှာ

ယခုစာစုမှာ ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ရာစု ခေတ်ဦးအတွင်း ပညာလောကကို ချောက်ချားစေခဲ့သော စာအုပ်လေးအုပ်ကို အနှစ်ချုပ်စုစည်းမိတ်ဆက်လိုက်ခြင်း ဖြစ်ပါသည် ။ '**ဖရန်စစ်ဖူကူယားမား**' ၏ '**သမိုင်းနိဂုံးနှင့် နောက်ဆုံးလူ**'၊ '**ဆယ်မျူရယ်(လ)ဟန်တင်တန်**' ၏ **ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း**'၊ '**ဂျိုဇက် အက်(စ်)နိုင်း (အငယ်)**'၏ '**ပါဝါအပျော့**' နှင့် '**နီး(လ)ဖာဂူဆန်**' ၏ '**နောက်လာမယ့် ကမ္ဘာ၏ စစ်ပွဲ**' တို့ဖြစ်သည် ။ ပြောရလျှင် ရာစုသစ်နှင့် ထောင်စုသစ်ကို အဓိက ပုံသွင်းကြမည့် အိုင်ဒီယာများ ဟု ပညာရှင်အများက သတ်မှတ်ထားကြသော စာအုပ်များ ဖြစ်သည် ။

မြန်မာ စာဖတ်ပရိသတ်များ အနေနှင့် ဤမျှအရေးကြီးသော (သို့မဟုတ် အရေးကြီးသည် ဟု ယူဆရသော) အိုင်ဒီယာများကို (လက်ခံသည် ၊ လက်မခံသည် အပထား) သိသင့်သိထိုက်သည် ဟု ယူဆပါသည် ။ သိခွင့်၊ လေ့လာခွင့်ရှိသင့်သည် ဟု သဘောရပါသည် ။ သို့နှင့်တိုင် မူရင်းစာအုပ်ကြီးများမှာ ထူထဲလေးလံလှသည် ဖြစ်ရကား စာဖတ်ပရိသတ်အများ စုနှင့် လက်လှမ်းမမီ ဖြစ်နေမည်လား စဉ်းစားမိသည် ။ သို့အတွက် အလွယ်တကူ မြည်းစမ်းခွင့်ရနိုင်စေရန် ယခုလို အနှစ်ချုပ် မိတ်ဆက်လိုက်ရခြင်းဖြစ်သည် ။ ယခုစာအုပ်လေးအုပ်လိုပင် ရာစုသစ်နှင့် ထောင်စုသစ်ကို ပုံလောင်းပေးလိမ့်မည်ဟု မှန်းဆရသော အခြားစာအုပ်များ လ

ည်း မနည်းမနော ရှိပါသေးသည် ။ ဤသည် တို့ ကိုလည်း အလျဉ်းသင့် သလို စုစည်းမိတ်ဆက်ဖို့ ရည်ရွယ်ထားပါသည် ။

ဤနေရာတွင် စာရေးသူ၏ ရည်ရွယ်ချက်ကို အတိအလင်း ဖော်ပြလို သည် ။ စာရေးသူအနေနှင့် စာဖတ်ပရိသတ်၏ 'သိခွင့်' (right know) ကို သာ ကူညီဖြည့်ဆည်းဖို့ ကြိုးစားကြည့်ခြင်းဖြစ်သည် ။ 'ဆုံးဖြတ်ခွင့်' (ri ght of determine) ကိုမူ စိုးစဉ်းမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုလို။ သို့ အတွက် မိမိ၏ အတ္တနောမတိများ မပါစေရန် တတ်နိုင်သမျှ ပယ်သတ် ထားသည် ကို ဝန်ခံလိုသည် ။ "စိတ်ကိုဖွင့်ပြီးသကာလ၊ အသိဉာဏ် မိုး ကုပ်စက်ဝိုင်းကို မြင့်သည် ထက် မြင့်စေရေး"သည် သာ စာရေးသူ၏ တ စ်ခုတည်းသော ရည်ရွယ်ချက်ဖြစ်ကြောင်း ကြိုတင် အစီရင်ခံလိုသည် ။

လေးစားစွာဖြင့်
ကျော်ဝင်း
၂၉၊ ၁၂၊ ၂၀၀၆

******

## ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် စာရေးသူ၏ အမှာ

ယခုစာအုပ်ကို ၂၀၀၆ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့ပါသည် ။ ပ ညာရှင်လေးယောက်၊ သူတို့ ၏ စာအုပ်လေးအုပ်နှင့် ဆက်စပ်စာစုများ ကို စုစည်းခဲ့ခြင်း ဖြစ်သည် ။ 'ဖရန်စစ်ဖူကူယားမား'၏ သမိုင်းနိဂုံးနှင့် နောက်ဆုံးလူ' 'ဆယ်မျူရယ်(လ်)ဟန်တင်တန်'၏ 'ယဉ်ကျေးမှုများ တိုး

တိုက်မိခြင်း’၊ ‘ဂျိုးဇက်အက်(စ်)နိုင်း (အင‌ယ်)’၏ ‘ပါဝါအပျော့’နှင့် ‘နီး(လ်)ဖာဂူဆန်’၏ ‘နောက်လာမယ့် ကမ္ဘာ၏ စစ်ပွဲ’တို့ ဖြစ်ပါသည် ။

ယခု ဒုတိယအကြိမ် ထုတ်ဝေခြင်းတွင် ဆိုခဲ့ပါ ပညာရှင်လေးယောက်နှင့် စာလေးအုပ်တို့ နှင့် ပတ်သက်သော ဆက်စပ်စာစုအချို့ကို ဖြည့်စွက်ထားသည် ။ ထိုမျှမက နောက်ထပ်ပညာရှင် ငါးယောက်နှင့် သူတို့ ၏ စာငါးအုပ်ကိုပါ ဖြည့်စွက်ထားပါသည် ။ ‘ဂျက်ဖရီဆာ့(ချ်)’၏ ‘ဆင်းရဲမှုနိဂုံး’၊ ‘လက်စရာသာရိုး’၏ ‘အရင်းရှင်စနစ်၏ အနာဂတ်’၊ ‘ပီတာအက်(ဖ်)ဒရပ်ကာ’၏ ‘အရင်းလွန် လူ့အဖွဲ့အစည်း’၊ ‘အယ်(လ်)ဗင်းတော်ဖလာ’၏ ‘ပါဝါအရွေ့’နှင့် ‘ပေါ(လ်)ကိုလီယာ’၏ ‘အောက်ဆုံးက သန်းတစ်ထောင်’စာအုပ်တို့ ဖြစ်သည် ။

ဤပညာရှင်များ နှင့် သူတို့ ၏ စာအုပ်များမှာ ၂၀ ရာစုနှောင်းပိုင်းနှင့် ၂၁ ရာစု အစောပိုင်းကာလအတွင်း ထုတ်ဝေခဲ့ကြသည့်တိုင် ရာစုသစ်ကို ဆက်လက် ပုံသွင်းပေးနေဦးမည် ယူဆပါသဖြင့် စုစည်းဖော်ပြလိုက်ခြင်း ဖြစ်ပါကြောင်း။

ကျော်ဝင်း
၂၉၊ ဩဂုတ် ၂၀၁၁

******

# နိုင်ငံရေးသိပ္ပံ

(POLITICAL SCIENCE)

## သမိုင်းနိဂုံးနှင့် နောက်ဆုံးလူ

(ဖရန်စစ်ဖူကူယားမား)

သမိုင်းနိဂုံးနှင့် နောက်ဆုံးလူ

(ဖရန်စစ်ဖူကူယားမား)




THE END OF HISTORY AND THE LAST MAN

(FRANCES FUKUYAMA)

# စကားပလ္လင်

"ဖရန့်စစ်ကူယားမား"ဆိုသော အမည်မှာ မြန်မာစာဖတ်ပရိသတ်နှင့် ယဉ်ပါးပြီး ဖြစ်နေပါပြီ။ သူ၏ "သမိုင်းနိဂုံး"အယူအဆဆိုလျှင် ရေးကြပြောကြ များ လှပြီဖြစ်၍ ဆီသည် မလက်သုတ်ပင် ဖြစ်နေလောက်ပြီ ထင်ပါသည် ။ သို့နှင့်တိုင် ဤအယူအဆ၏ မူလအစ ၁၉၈၉ နွေရာသီထုတ် "အမျိုးသားအကျိုးစီးပွား"မဂ္ဂဇင်းပါ "သမိုင်းနိဂုံးချုပ်ပြီလော" (The End of History?) ဆောင်းပါးကိုသော်လည်းကောင်း၊ ၎င်းကို ချဲ့ထွင်ရေးထားပြုစုသော ၁၉၉၂ ခုနှစ်ထုတ် "သမိုင်းနိဂုံးနှင့် နောက်ဆုံးလူ" ( The End of History and the Last Man) စာအုပ်ကိုသော်လည်းကောင်း ယခုအချိန်ထိ မြန်မာဘာသာ ပြန်ဆိုပြီး မရှိသေးပါ။

စင်စစ် ဆိုခဲ့ပါ သမိုင်းနိဂုံး အယူအဆမှာ မြန်မာတွင် ရော ကမ္ဘာတွင် ပါ အတောမသတ်သော ပညာငြင်းခုံပွဲကြီးကို ဖန်တီးလိုက်သလိုရှိရာ ယနေ့ထက်တိုင်ပင် အရှိန်မကုန်တတ်သေးဟု ဆိုနိုင်ပါလိမ့်မည်။ ဖူကူယားမား အယူအဆနှင့် ပတ်သက်ပြီး ကြိုက်သူရော မကြိုက်သူများ ပါ ပါဝင်ဆွေးနွေးလာကြရာ "နိဂုံးဂိုဏ်း"နှင့် "နိဂုံးဆန့်ကျင်ရေးဂိုဏ်း" ဟူ၍ ပင် ခွဲခြား ပြောဆိုလာရသည် အထိ ဖြစ်ခဲ့ရသည် ။ ဤတွင် မူရင်းအယူအဆကို မြည်းစမ်းခွင့်မရခဲ့သော မြန်မာစာဖတ်ပရိသတ် အများ စုမှာ ဘာမှန်းညာမှန်းမသိဘဲ ဒီဘိတ်ကြီးတစ်ခုထဲ မျောပါနေရသလို ဖြစ်ရတော့သည် ။ မဖြစ်သင့်မဖြစ်ထိုက်ဟု ထင်ပါသည် ။

သို့နှင့်အမျှ ဖူကူယားမား၏ မူလအာဘော်ကို မူရင်းအတိုင်း မိတ်ဆက်ပေးနိုင်ရန် စိတ်ကူးကြံဆခဲ့သည် မှာ ကြာတောင့်ကြာရှည် ရှိခဲ့ပါပြီ။ သို့နှင့်တိုင် ကျွန်တော်တို့ တစ်တွေမှာ မာန်သွင်း၍ တောင်ကြီးဖြိုဖို့ ကြံ

နေသော်လည်း ခါးမသန်သော ခါချဉ်ကောင်တွေလို ဖြစ်နေရပါသည် ။ ဖူကူယားမား၏ စာအုပ် "သမိုင်းနိဂုံးနှင့် နောက်ဆုံးလူ"မှာ ကြီးကျယ်ခမ်းနားလှသော သမိုင်းကျမ်းကြီးတစ်စောင် ဖြစ်ရုံမျှမက သိမ်မွေ့နက်ရှိုင်းလှသော ဒဿနကျမ်းကြီးလည်း ဖြစ်ပါသည် ။ ကျွန်တော်တို့ အတွက် မည်သို့မျှချဉ်းကပ်ဖို့ မလွယ်လှသော ဟိမဝန္တာတောင်ကြီးလို ဖြစ်နေရတော့သည် ။

သို့ဖြင့် စာအုပ်မတိုင်မီ မူလဆောင်းပါး "သမိုင်းနိဂုံးချုပ်ပြီလော"ကို ဘာသာပြန် တင်ဆက်ရလျှင်ပင် သိပ်မဆိုးလှဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရပါသည် ။ ခက်နေသည် က အဆိုပါစာတမ်းကို ပြန်ရှာဖို့ ပင် မလွယ်လှအောင် ဖြစ်နေရသည် ။ "အမျိုးသားအကျိုးစီးပွား" မဂ္ဂဇင်းဟောင်းများကို အင်တာနက်တွင် ရှာကြည့်သော်လည်း ခရစ်နှစ် ၂၀၀၀ အရင် မဂ္ဂဇင်းအတွဲများကို မတွေ့ရတော့ပါ။ နောက်ဆုံး ဖရန်စစ် ဖူကူယားမား၏ ဝက်(ဘ်)ဆိုက်ကို ရှာတော့မှ ကံအားလျော်စွာ တွေ့ရပါသည် ။ (ဤအတွက် ကူညီရှာဖွေပေးသော မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရပါသည် ။)

ယခု ဖူကူယားမား၏ မူရင်းအယူအဆကို စာဖတ်ပရိသတ်လက်သို့ အပ်နှင်းနိုင်ခဲ့ပြီ ဖြစ်ပါသည် ။ တစ်ဆက်တည်းမှာ ပင် နောက်ပိုင်းသမိုင်း ဖြစ်ရပ်များ နှင့် ပတ်သက်သော ဖူကူယားမား၏ တို့ထိချက်များကိုလည်း တတ်နိုင်သလောက် စုစည်းတင်ဆက်လိုက်ပါသည် ။ ဖရန်စစ်ဖူကူယားမား ဆိုသော ပညာရှင်တစ်ဦး၏ အိုင်ဒီယာအရွေ့ကို ခြေရာခံနိုင်ဖို့ ဖြစ်ပါကြောင်း။

******

# သမိုင်းနိဂုံးချုပ်ပြီလော

## The End of History?

### နီဒါန်း

ပြီးခဲ့သော ဆယ်စုအတွင်း ဖြစ်ရပ်များ ၏ စီးဆင်းပုံကို စောင့်ကြည့် အကဲခတ်လိုက်လျှင် လူ့သမိုင်းတွင် အလွန်အခြေခံကျသော တစ်စုံတစ်ရာ ဖြစ်ထွန်းပေါ်ပေါက်လျက် ရှိသည် ကို ငြင်းပယ်ရှောင်ရှား၍ ရနိုင်ဖွယ်ရာ မရှိတော့ပါ။ လွန်ခဲ့သော တစ်နှစ်တာကာလအတွင်းမှာ ပင် စစ်အေးနိဂုံးကို ကြိုဆိုသော ဆောင်းပါးများ စွာ ဒီရေတက်သည့်အလား လျှံကျလာခဲ့ပါသည် ။ ကမ္ဘာ့နေရာဒေသ မြောက်မြားစွာတွင် ငြိမ်းချမ်းရေးရောင်ခြည် သမ်း လာပြီဟု အဆိုပါဆောင်းပါးများက ညွှန်းကြသည် ။ သို့နှင့်တိုင် ဤဆောင်းပါးများ လာ လေ့လာစိစစ်မှုများ ၏ အဓိကအားနည်းချက်မှာ သမိုင်း၏ ရှောင်တခင်ဖြစ်ရပ်များ နှင့် သမိုင်းအနှစ်သာရကို ခွဲခြားဖော်ပြနိုင်စွမ်းသော ပိုမိုကျယ်ပြန့်သည့် သဘောတရားကိုယ်ထည် ချို့တဲ့ နေခြင်းဟု ထင်ပါသည် ။ အကယ်၍ မစ္စတာဂေါ်ဘာချော့(ဖ)တစ်ယောက် ကရင်မလင်မှ ဖယ်ရှားခံလိုက်ရလျှင် (သို့မဟုတ်)၊ အရှေ့အလယ်ပိုင်းကန္တာရထဲမှ နောက်ထပ် အယာတိုလာသစ်တစ်ယောက် ပေါ်ထွက်လာဦးမည်ဆိုလျှင် ဆိုခဲ့ပါဆရာများ ဘာပြောကြမည်နည်း။ နောက်ထပ် ပဋိပက္ခခေတ်ကြီးတစ်ခု ပြန်လည်ရှင်သန်လာခဲ့ပြီဟု အလုအယက် ရေးကြဦးမည်ထင်သည် ။

စင်စစ် သူတို့ အားလုံး ခပ်မိုန်မိုန် ခပ်ရေးရေးမျှသာ သဘောပေါက်ထားသည့်တိုင် ပိုအရေးကြီးသည် နှင့်အမျှ ပိုမိုနက်ရှိုင်းကျယ်ပြန့်သော

ဖြစ်စဉ်ကြီးတစ်ခု၊ မျက်မှောက်သမိုင်းတွင် အမှန်တကယ်ဖြစ်တည်နေပြီ ဖြစ်ပါသည်။ ယနေ့ ကျွန်တော်တို့ အားလုံး မြင်တွေ့ဖတ်မှတ်နေရသော သတင်းခေါင်းစဉ်အားလုံးမှာ ဤဖြစ်စဉ်ကြီး၏ အစိတ်အပိုင်းလေးတွေမျှသာ ဖြစ်သည်။ အားလုံး သိပြီးဖြစ်သည့်အတိုင်း ယခုအခါ ကုန်ဆုံးလွန်မြောက်တော့မည့် နှစ်ဆယ်ရာစုကြီးမှာ ဖွံ့ဖြိုးပြီးကမ္ဘာကို ဘယ်လိုမှ ထိန်းသိမ်းမရနိုင်လောက်အောင် အလှုပ်အယမ်းများ လှသည့် အိုင်ဒီအိုလိုဂျီ အကြမ်းဖက်မှုကြီးထဲသို့ တွန်းပို့လိုက်သလို ရှိခဲ့သည်။ လစ်ဘရယ်ဝါဒမှာ ပထမဆုံး ငါ့မင်းငါ့ချင်းဝါဒ အကြွင်းအကျန်များ နှင့် စာရင်းရှင်းခဲ့ရသည်။ နောက် ဘော်ရှီဗစ်ဝါဒ၊ ဖက်ဆစ်ဝါဒတို့ နှင့် ဆက်လက် ရင်ဆိုင်ခဲ့ရသည်။ ယခုနောက်ဆုံး ကမ္ဘာကြီးကို အဏုမြူစစ်ပွဲ ကမ္ဘာပျက်ကိန်းထိ ခြိမ်းခြောက်စိန်ခေါ်နိုင်စွမ်းရှိသော ခေတ်သစ် မာက်ခ်(စ)ဝါဒနှင့် ပြိုင်ဆိုင်လျက် ရှိနေရပြန်သည်။ ဤနောက်ဆုံးပိတ် တိုက်ပွဲကြီးတွင် မည်သူနိုင်၍ မည်သူရှုံးလေမည်နည်း။ ယခုပင် ပီပြင်ထင်ရှားနေပြီဖြစ်သော အဖြေက ကျွန်တော်ဆိုခဲ့သည့် မျက်မှောင်ဖြစ်စဉ်ကြီးကို မွေးထုတ်လိုက်ခြင်း ဖြစ်ပါသည်။

လစ်ဘရယ်ဒီမိုကရေစီ၏ အဆုံးစွန် အောင်ပွဲအပေါ် အပြည့်အဝယုံကြည်မှုနှင့် ဇာတ်ပန္နက်ချခဲ့သော နှစ်ဆယ်ရာစုမှာ အဆိုပါယုံကြည်ချက်နှင့်ပင် ဇာတ်ပေါင်းခန်းကို နိဂုံးချုပ်တော့မည့်သဘော ရှိပါသည်။ လစ်ဘရယ်နိုင်ငံရေးနှင့် လစ်ဘရယ် (ဈေးကွက်) စီးပွားရေးတို့ ၏ အငြင်းပွားဖွယ်ရာမရှိသော အောင်ပွဲကို ယခုပင် မြင်နေရပြီဖြစ်သည်။ ဤအတွက် ပထမဦးဆုံး သာဓကမှာ အနောက်တိုင်း လစ်ဘရယ်ဒီမိုကရေစီကို စနစ်တကျ အစားထိုးနိုင်ရန် ကြိုးစားဖန်တီးခဲ့ကြသော အော်လတားနေးတစ်အားလုံး ခြေကုန်လက်ပန်းကျသွားခြင်း ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုအတွင်း ကမ္ဘာ့အကြီးဆုံး ကွန်မြူနစ်နိုင်ငံကြီး နှ

စ်ခုကို ကြည့်လိုက်ပါ။ စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဆေးမြီးတိုနှင့် အနီခေတ်ကို အသက်ဆက်နိုင်စေရန် ကျားကုတ်ကျားခဲ ကြိုးစားနေကြသည် ကို တွေ့ရပါလိမ့်မည်။ သို့နှင့်တိုင် ဆိုခဲ့ပါ ပြုပြင်ပြောင်းလဲရေး လက်တံများမှာ ဈေးကွက်ကိုကျော်၍ စီးပွားရေးမဟုတ်သော ကိန်းရှင်များဆီသို့ပါ အရှိန်အဟု န်နှင့် ကူးစက်ပျံ့နှံ့လာတော့သည် ။ တောင်သူလယ်သမား ဈေးကွက်များ နှင့် ရောင်စုံတီဗွီမှာ 'တိန့်'ခေတ် တရုတ်ပြည်၏ အခြင်းအရာသစ် ဖြစ်လာသလို သမဝါယမစားတော်ဆက်များ နှင့် ဖက်ရှင်စတိုးဆိုင်များမှာ လည်း 'ဂိုဘီ'ခေတ် ဆိုဗီယက်ယူနီယံ၏ သရုပ်သကန် ဖြစ်လာခဲ့သည် ။ အလားတူ ဘီသိုဘင်တေးသွားမှာ ဂျပန် ဒီပတ်မင့်စတိုးကြီးများ ၏ သင်္ကေတဖြစ်လာသလို ရော့(ခ)ဂီတမှာ လည်း ပရတ်၊ တီဟီယံ စသောမြို့တော်ကြီးများ ၏ နှလုံးခုန်သံအသစ် ဖြစ်လာသည် ။ စားသုံးသူယဉ်ကျေးမှု ကမ္ဘာပတ်လာသည့်သဘော ဖြစ်ပါသည် ။

ယနေ့ ကျွန်တော်တို့ မြင်တွေ့နေကြရသော ဆိုခဲ့ပါ အခြင်းအရာများ မ ၂၁ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားသည့် ဖော်ပြချက်သက်သက်မျှ မဟုတ်ပါ။ စစ်ပြီးကာလ သမိုင်းခေတ်တစ်ခု နိဂုံးချုပ်သွားရုံမျှမကပါ။ သမိုင်းကြီးတစ်ခုလုံး နိဂုံးကမ္ပတ် အဆုံးသတ်သွားခြင်းဟု ဆိုရတော့မည်ဖြစ်ပါသည် ။ တစ်နည်းဆိုရလျှင် အိုင်ဒီအိုလိုဂျီ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ကြီး ပွဲပြီးသွားခြင်းဖြစ်ပါသည် ။ ထို့ထက်ပို၍ အနုစိတ်တင်ပြရလျှင် လစ်ဘရယ်ဒီမိုကရေစီစနစ်ကို နောက်ဆုံးအုပ်ချုပ်ရေးသဏ္ဍာန်အဖြစ် လူ့အသိဉာဏ်က ရွေးချယ်လိုက်ခြင်း ဖြစ်ပါသည် ။

ဤသို့ ကောက်ချက်ဆွဲလိုက်သည့်အတွက် ကမ္ဘာ့ရေးရာ စာနယ်ဇင်းများ ၏ စာမျက်နှာများ ပေါ်တွင် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ဖြစ်ရပ်များ ဖော်ပြရန်မရှိတော့ဟု ဆိုလိုသည် တော့ မဟုတ်ပါ။ ကျွန်တော်ဆိုလိုသော လစ်ဘရယ်ဒီမိုကရေစီ၏ အောင်ပွဲဆိုသည် မှာ လူ့သိစိတ်နယ်

ပယ်တွင် သာ နေရာယူနိုင်သေးသည့် အိုင်ဒီအိုလိုဂျီအောင်ပွဲမျှသာ ရှိပါသေးသည် ။ တကယ့်အစစ်အမှန် ရုပ်ကမ္ဘာကြီးတွင် အမှန်တကယ်အောင်ပွဲရစေရန် ဆက်လက် အားထုတ်ကြရဦးမည် ဖြစ်ပါသည် ။ သို့နှင့်တိုင် ရေရှည်တွင် ဆိုခဲ့ပါ လစ်ဘရယ်အိုင်ဒီယာများကသာ ရုပ်ကမ္ဘာကြီးကို စိုးမိုးချုပ်ကိုင်သွားလိမ့်မည်ဟု ယုံကြည်နိုင်လောက်အောင် အကြောင်းအချက် အထောက်အထားများကား အမှန်ပင်ရှိနေပြီ ဖြစ်ပါသည် ။

ဤမျှအရေးကြီးပြီး ဤမျှ ကျယ်ပြန့်နက်ရှိုင်းသည့် ဖြစ်စဉ်ကြီးကို ထဲထဲဝင်ဝင် သဘောပေါက်နိုင်စေရန် ကျွန်တော်တို့ အနေနှင့် သမိုင်းခေတ်များ ၏ ပြောင်းလဲမှုသဘာဝများကို ဖွင့်ဆိုပြသနိုင်မည့် သဘောတရားရေး ပြဿနာများမှ စတင်ချဉ်းကပ် လေ့လာကြဖို့ လိုမည်ဟု သဘောရပါသည် ။

******

# အခန်း (၁)

# ဟေဂယ်နှင့် သူ၏ ဋီကာဆရာများ

ပြောရလျှင် သမိုင်းနိဂုံး အကောက်အယူမှာ အသစ်အဆန်းတော့လည်း မဟုတ်ပါချေ။ ဤအယူအဆကို သောင်းတိုက်က ကြားစေခဲ့သူမှာ 'သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ'ဆိုသည် ၏ ခေါင်းကိုင်ဖခင်ကြီး ကား(လ်) မာက္ခ်(စ)ကိုယ်တိုင်ပင် ဖြစ်ပါသည် ။ မာက္ခ်(စ)၏ အလိုအရ သမိုင်းဆိုသည် မှာ ရုပ်ဝတ္ထုအင်အားစုများ အပြန်အလှန် တိုက်ပွဲဆင်ကြရင်း ရည်ရွယ်ချက်ရှိရှိ သတ်မှတ်ပြဋ္ဌာန်းထားသည့် တိုးတက်မှုဖြစ်စဉ်ကြီး ဖြစ်သည် ။ သမိုင်းတွင် ရှိခဲ့သည့် ပဋိပက္ခအလုံးစုံကို အဆုံးစွန်ဖြေရှင်းနိုင်မည့် ကွန်မြူနစ်လောက နိဗ္ဗာန်တည်ထောင်နိုင်ချိန်တွင် ဆိုခဲ့ပါ သမိုင်းဖြစ်စဉ်ကြီး နိဋ္ဌိတံသွားလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည် ။ စင်စစ် ဤသို့သော စ၊ လယ်၊ ဆုံး သုံးပါးပါသည့် ဒိုင်ယာလက်တစ် သမိုင်းဖြစ်စဉ်မှာ မာက္ခ်(စ)၏ ကိုယ်ပိုင်စစ်စစ် မဟုတ်ပါ။ အကျော်ဇေယျ ဂျာမန်ဒဿနဆရာကြီး 'ဂျော့ဝီလျံဖရက်ဒရစ်ဟေဂယ်'၏ မူလအယူအဆကို ဆွဲယူအသုံးပြုခဲ့ခြင်း ဖြစ်ပါသည် ။ (ဒိုင်ယာလက်တစ် Dialectic ဆိုသည် ကို မြန်မာလက်ဝဲဆရာများက 'အနုပဋိလောမ'ဟု သာ ဘာသာပြန်ကြပါသည် ။ အတွင်း ပဋိပက္ခ၏ ပြောင်းလဲမှုဖြစ်စဉ်ကို အပြန်အလှန် ဆက်စပ်သုံးသပ် လေ့လာနည်းဟု ယေဘုယျ အဓိပ္ပာယ်ရပါသည် )

ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ ဟေဂယ်၏ သမိုင်းအယူအ

ဆမှာ ကျွန်တော်တို့ ခေတ်ပြိုင်ပညာဘဏ်တိုက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည် မှာ ကား အမှန်ပင်ဖြစ်သည် ။ လူသားအနေနှင့် သမိုင်း ဦးမှ သည် ယနေ့ခေတ်အထိ အဆင့်ဆင့် ဖြတ်သန်းခဲ့ရပြီး ခေတ်အသီး သီးတွင် လည်း ၎င်းနှင့်လိုက်လျောညီထွေသော လူမှုဖွဲ့စည်းပုံများ ရှိခဲ့ သည် ဆိုသော အယူအဆနှင့်သာ သမိုင်းကို ချဉ်းကပ်လေ့လာခဲ့ကြသည် က များ သည် ။ သို့နှင့်တိုင် ကျွန်တော်တို့ သိခဲ့မှတ်ခဲ့ လေ့လာခဲ့ရသော ဟေဂယ်ဝါဒမှာ မာက္ခ(စ)၏ မှန်ပြောင်းမှ တစ်ဆင့်သာ များ ပါသည် ။ လူသားအနေနှင့် သိပ္ပံနှင့်နည်းပညာ လက်နက်ကို ကိုင်စွဲပြီး သဘာဝအ ရိုင်းကို ဇက်ကြိုးတပ်ခိုင်းစေနိုင်ခဲ့သည် ဆိုသော ကျော်ကြားလှသည့် ကောက်ချက်သည် ပင် မာက္ခ(စ)၏ မူပိုင်မဟုတ်ပါ။ ဟေဂယ်ကစခဲ့ခြင်း ဖြစ်ပါသည် ။ မာက္ခ(စ)အနေနှင့် ဟေဂယ်၏ ဒိုင်ယာလက်တစ်နည်းကို သုံးပြီး ဟေဂယ်၏ ကောက်ချက်အချို့ကို ပွဲတင်ထပ်ခဲ့သည့်တိုင် ဟေဂ ယ်၏ မူလအယူအဆကို ကိုယ်စားပြုခဲ့သူတော့ မဟုတ်ပါ။ ဤအချက်ကြောင့်ပင် မာက္ခ(စ)အလံလွှင့်ခဲ့သော သမိုင်းနိဂုံးမှာ ဟေဂ ယ်၏ မူလပထမ သမိုင်းနိဂုံးနှင့် အနှစ်သာရချင်း မတူခဲ့ရခြင်း ဖြစ်ပါသ ည် ။

စင်စစ် ဟေဂယ်မှာ ခေတ်သစ် လူမှုသိပ္ပံဘာသာရပ်ကို စတင်ဖော်ထု တ်ခဲ့သော ပထမဆုံး ဒဿနပညာရှင်ဖြစ်သည် ။ ဟေဂယ်တွင် ကား(လ )မာက္ခ(စ)လို ဆက်ခံသူတစ်ဦး ရှိခဲ့ခြင်းမှာ သူ့အတွက် ကံဆိုးမိုးမှောင်ကျခဲ့ရသလို၊ ကျွန်တော်တို့ အနေနှင့်လည်း ဟေဂယ်၏ အယူအဆများကို တိုက်ရိုက်မလေ့လာဖြစ်ခဲ့သည် မှာ ကျွန်တော်တို့ ခေ တ်၏ ကံဆိုးမိုးမှောင်ကျခြင်းတစ်ခု ဖြစ်ခဲ့ရပါသည် ။ သို့နှင့်တိုင် ဒဿန ပညာရှင်၏ ပျော်မွေ့ကျက်စားရာ ပြင်သစ်ပြည်ကြီးတွင် မူ မာက္ခ(စ)ဝါဒီ ဋ္ဌီကာဆရာ၊ အဋ္ဌကထာဆရာများ ၏ အတ္တနောမတိမှ ဟီးဂဲ(လ)ဝါဒကို

သန့်စင်ရွေးထုတ်ခဲ့ကြသော ပညာရှင်များ မနည်းမနော ပေါ်ထွက်ခဲ့ပါ သည် ။ ၎င်းတို့ ထဲတွင် ရှရှားလူမျိုး ပြင်သစ်နိုင်ငံသား ဒဿနပညာရှင် အလက်ဇန်ဒါ ကိုယက်(ဗ)မှာ (ကျွန်တော့်အထင်) အရေးအကြီးဆုံး ဖြစ် ပါသည် ။ သူ့အကြောင်းကို အမေရိကက သိပ်မသိခဲ့ကြသော်လည်း ဥ ရောပ ပညာလောကတွင် မူ သူ့ဩဇာ မကင်းခဲ့ဟု ဆိုနိုင်စရာရှိပါသည် ။ နောင်တစ်ချိန် အထူးထင်ရှား ကျော်ကြားလာမည့် ဥရောပ ပညာရှင် အ များ စုမှာ သူ့တပည့် ကျောင်းသားဟောင်းတွေ ဖြစ်ပါသည် ။ လက်ဝဲဘ က်မှ ဆိုလျှင် 'ယန်းပေါ်ဆတ်'ရှိ၍ လက်ယာဘက်တွင် 'ရေမွန်အာရွန်'ရှိ သည် ။ စစ်ပြီးခေတ် ဖြစ်တည်မှုဝါဒသည် ပင်လျှင် ကိုယက်(ဗ)၏ အခြေ ခံအယူအဆများ ပါသလောက်ပါသည် ဟု အပြောအဆိုများ ရှိပါသည် ။

ကိုယက်(ဗ)၏ အကြီးကျယ်ဆုံး စွမ်းဆောင်မှုတစ်ခုမှာ ဟေဂယ်၏ ' စိတ်၏ အဖြစ္စတ္တသရုပ်သကန်' (Phenomenology of Mind) အယူအဆကို ပြန်လည်ရှင်သန် ထမြောက်စေခြင်း ဖြစ်သည် ။ (Phenomenology ဆို သည် မှာ လောကကို ပကတိအတိုင်း ကြည့်မြင်မှုအစား၊ စိတ်အာရုံထင် ဟပ်မှုနှင့် ချဉ်းကပ်ရှုမြင်ရမည်ဆိုသော အကောက်အယူ ဖြစ်ပါသည် ။) ဤအယူအဆ အခြေခံနှင့်ပင် ဟေဂယ်၏ သမိုင်းနိဂုံး အကောက်အယူ ကို ဖော်ထုတ် သန့်စင်ခဲ့သည် ။ ဟေဂယ်က လူ့သမိုင်းမှာ ၁၈၀၆ ခုနှစ်အ ရောက်တွင် ဆုံးမှတ်တစ်ခုသို့ ရောက်ခဲ့ပြီဟု ကြေညာခဲ့သည် ။ အကြော င်းမှာ ဤနှစ်မှာ ပင် ဂျီနာစစ်ပွဲတွင် နပိုလီယန် ရှုံးနိမ့်သွားပြီး ပြင်သစ် တော်လှန်ရေး၏ နှုန်းစံတန်ဖိုးများ စတင်အောင်ပွဲခံနိုင်ခဲ့သောကြောင့် ဟု ဆိုသည် ။ ဤအချိန်မှ စ၍ ပြင်သစ်တော်လှန်ရေး ကြွေးကြော်သံများ ဖြစ်သည့် 'လွတ်လပ်ရေး၊ တန်းတူရေး၊ ချစ်ကြည်ရေး'ဆိုသော လောက ပါလတရားများမှာ လူ့သိစိတ်သန္တန်တွင် ခိုင်မြဲစွာ အမြစ်တွယ်လာနိုင်ခဲ့ သည် ဟု ကောက်ချက်ချသည် ။ ဤသည် ကိုပင် သမိုင်း၏ 'အမြင့်ဆုံးပွို

င့်’ (climax) သို့မဟုတ် ‘သမိုင်းနိဂုံး’ (The End of History) ဟု ဆိုလိုက်ခြင်း ဖြစ်ပါသည် ။

၁၈၀၆ နောက်ပိုင်း လှိုင်းထန်လေထန် ကာလများကို ဖြတ်သန်းခဲ့ရသည့်တိုင် ဟေဂယ်၏ နိဂုံးကောက်ချက်မှာ အနှစ်သာရအရ မပြောင်း၊ အခြေခံအရ မှန်မြဲမှန်နေသေးသည် ဟု ကိုယက်(ဗ)က ရပ်ခံတင်ပြသည် ။ ယဉ်ကျေးမှုရေချိန်အရ အဆင့်အမြင့်ဆုံးလူသား (ဋီကာဆရာ မာက်ခ်(စ) အလွန်ခံတွင်းတွေ့ခဲ့သော ‘တပ်ဦး’ Vanguard ဆိုသော စကားလုံး)၏ ဦးနှောက်နှင့် အသည်းနှလုံးတွင် ပြင်သစ်တော်လှန်ရေး အခြေခံမှုများမှာ နက်ရှိုင်းခိုင်မာစွာ အမြစ်တွယ်ခဲ့ပြီဖြစ်သည် ။ ဤအခြေခံများကို တကယ့်လက်တွေ့ ရပ်ကမ္ဘာကြီးတွင် အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းရင်းမှ ပင် ကျေးကျွန်စနစ်နှင့် ကျွန်ကုန်ကူးမှုကို ဖျက်သိမ်းနိုင်ခဲ့သည် ။ အလုပ်သမား ဆင်းရဲသားနင်းပြားများ ၊ အမျိုးသမီးများ ၊ လူမည်းများ နှင့် လူမျိုးစု လူနည်းစုများအတွက် မဲဆန္ဒပေးပိုင်ခွင့်ကိုလည်း ရယူပေးနိုင်ခဲ့သည် ။ ပြောရလျှင် လက်ရှိ လစ်ဘရယ်ဒီမိုကရေစီအဆင့် ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါသည် ။ ယခုရာစု (နှစ်ဆယ်)အတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲကြီးနှစ်ပွဲနှင့် ၎င်းတို့ နှင့်အတူ ကျွဲကူးရေပါဖြစ်လာသော တော်လှန်ရေးများကလည်း (ဖွံ့ဖြိုးမှုတစ်ပြေးညီ မဟုတ်သည့်တိုင်) ဆိုခဲ့ပါ လစ်ဘရယ်ဒီမိုကရေစီ အိုင်ဒီယာများကို အပြန့်ကျယ်စေခဲ့သည် သာဖြစ်သည် ။ သို့အတွက် ၁၈၀၆ ခုနှစ် ဂျီနာစစ်ပွဲကို ‘နိဂုံးအမှတ်’ (end point) ဟု ယူခဲ့သော ဟေဂယ်၏ ကောက်ချက်မှာ မမှား။ သမိုင်းနိဂုံးဖြစ်စဉ်မှာ ထိုစဉ်ကတည်းက စခဲ့သည် ဟု ဆိုပါသည် ။

အလက်ဇန်ဒါ ကိုယက်(ဗ)၏ အလိုအရ သမိုင်းနိဂုံးခေတ်တွင် ပေါ်ထွက်လာသော နိုင်ငံတော်တစ်ခုအနေနှင့် လူသား၏ လောကလုံးဆိုင်

ရာ ပိုင်ခွင့်များကို အသိအမှတ်ပြု ကာကွယ်ပေးသရွေ့ လစ်ဘရယ်ဘော င်ထဲမှာ သာ ရှိသည် ။ အုပ်ချုပ်ရေးစနစ် တစ်ခုအနေနှင့်လည်း အအုပ်ချု ပ်ခံလူထု၏ အညွတ်အနူး ထောက်ခံမှုရနေသရွေ့ ဒီမိုကရက်တစ် နယ်ပ ယ်တွင်းမှာ သာ ရှိသည် ဟု ခံယူသည် ။ ဤသို့သော နိုင်ငံတော်နှင့် အုပ် ချုပ်ရေးစနစ်မျိုးကို ကိုယက်(ဗ)က 'လောကလုံးဆိုင်ရာ တစ်သားတည်း နိုင်ငံ' (universal homogeneous state) ဟု သတ်မှတ်သည် ။ လူ့သမိုင်းဖြစ်တည်ခါစ သမိုင်းဦးကပင် စတင်ခဲ့သော ကျွန်နှင့်သခင်၊ မ င်းစိုးရာဇာနှင့် ဆင်းရဲသားနင်းပြား၊ အရင်းရှင်နှင့် ပစ္စည်းမဲ့ စသည် တို့ ၏ ပဋိပက္ခများမှာ 'လောကလုံးဆိုင်ရာ ပိုင်ခွင့်များကို အသိအမှတ်ပြုခံ လိုမှု' (universal recognition of rights) ပေါ်တွင် အခြေတည်သည် ။ ဆို ခဲ့ပါ 'လောကလုံးဆိုင်ရာ တစ်သားတည်းနိုင်ငံ'အဆင့် ရောက်တော့မှ သာ အဆိုပါ အသိအမှတ်ပြုခံလိုမှုကို အဆုံးစွန် ရရှိနိုင်မည်ဖြစ်ပြီး သမို င်းအဆက်ဆက်ရှိခဲ့သော ပဋိပက္ခမှုများကို ဖြေရှင်းကျော်လွှားနိုင်လိမ့်မ ည်ဟု ဆိုပါသည် ။

ဤအဓိပ္ပာယ်အရ ကြည့်လိုက်သောအခါ စစ်ပြီးခေတ် အနောက်ဥ ရောပ နိုင်ငံများမှာ အားနည်းချက် မြောက်မြားစွာ ရှိနေသည့်တိုင် လော ကလုံးဆိုင်ရာ တစ်သားတည်းနိုင်ငံအဖြစ်သို့ အခြေခံအရ ရောက်ရှိနေပြီဟု ကိုယက်(ဗ)က သတ်မှတ်သည် ။ သို့နှင့်အမျှ ကြီးကျ ယ်သော လူမှုပဋိပက္ခမျိုး ရှိတော့မည်မဟုတ်ဘဲ စီးပွားရေး ဖွံ့ဖြိုးတိုးတ က်မှုအတွက်သာ အဓိကအားဖြင့် လုံးပန်းဖို့ လိုတော့မည်။ လောကီရေး ရာတွင် 'ပကတိပညာ' (absolute knowledge) ဟု ဆိုနိုင်သော လစ်ဘရ ယ် ဒီမိုကရက်တစ်တန်ဖိုးများကို ဆုပ်ကိုင်မိပြီဖြစ်ရာ အိုင်ဒီအိုလိုဂျီ အငြ င်းပွားမှုများကို ဖြတ်သန်းကျော်လွန်နိုင်ခဲ့ပြီဟု သဘောယူခဲ့သည် ။ သို့ အတွက် သူကိုယ်တိုင်ပင် ဒဿနဆရာအလုပ်ကိုစွန့်ပြီး ဥရောပစီးပွား

ရေးသမဂ္ဂ (E.E.C) တွင် သာ တာဝန်ထမ်းဆောင်လာခဲ့ရာမှ နောက်ဆုံး သူကွယ်လွန်ခဲ့သော ၁၉၆၈ ခုနှစ်အထိ ဖြစ်တော့သည် ။

ဤသည် ပင် ဋ္ဌီကာဆရာကိုယက်(ဗ)ဖွင့်ပြခဲ့သော ဟေဂယ်၏ သမိုင်းနိဂုံး အယူအဆဖြစ်ပါသည် ။ ကျွန်တော်တို့ နားယဉ်ပြီးဖြစ်သော မာက္ခ်(စ)၏ 'ဗားရှင်း'နှင့် တိုက်ဆိုင်စစ်ဆေးကြဖို့ ဖြစ်သည် ။ သို့နှင့်တိုင် ဟေဂယ်ဝါဒကို ခြုံငုံမိဖို့ ဆိုလျှင် ဤမျှလောက်နှင့် လုံလောက်ဦးမည် မဟုတ်သေးပါ။ သမိုင်းနိဂုံးကောက်ချက်ကို မွေးဖွားစေခဲ့သော ဟေဂယ်၏ 'အတွေးအမြင်အဓိကဝါဒ' (idealism) ကို ဆက်လက်လေ့လာဖို့ လိုပါလိမ့်ဦးမည်။

******